# မြန်မာကုန်သွယ်မှုမြင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 28, 2019 Volume 15, Number 18


| ၂၈.၁.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၁/ကျပ် |
| CBM Rate | = ၁၅၃၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၄.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၂.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၀.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၂၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၂၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၈၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၈၂ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကမ္ဘာ့စီးပွားရေး ချိန်ခွင်လျှာအနောက်မှအရှေ့သို့ပြောင်းလာနေ၊ ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ရန် အကောင်းဆုံးအချိန်ဖြစ်

ကမ္ဘာ့စီးပွားရေးချိန်ခွင်လျှာက အနောက်ဘက်မှ အရှေ့ဘက်ကိုပြောင်းလဲလာနေရာ ပေါ်ပေါက်လာမည့်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။




မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာ၊ ပထဝီအနေအထားအရ အချက်အခြာကျနေမှု၊ ပြည်တွင်းဈေးကွက်များချဲ့ထွင်နိုင်မှု၊ လုပ်သားစရိတ်သက်သာမှုနှင့် ငယ်ရွယ်နုပျိုသည့် လူဦးရေစသည့် အရေးသာမှုများရှိနေရာ လက်ရှိအချိန်မှာ ယင်းအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် အကောင်းဆုံးအချိန်ပင်ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ယနေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် Investment Myanmar Summit 2019 အဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာနှင့်ဒေသတွင်း အပြန်အလှန်ဆက်နွယ်နေမှုမှ အကျိုးအမြတ်ဆက်လက်ဖြစ်ထွန်းစေရေးအတွက် နည်းလမ်းများရှာဖွေရဦးမည်ဖြစ်ပြီး၊ ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်မှုအားနည်းသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အနေဖြင့် စီးပွားရေးနောက်ကျကျန်ရစ်မည့် ဘေးအန္တရာယ်ကြီးနှင့် ကြုံတွေ့ရနိုင်သည်ကို သတိချပ်စေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီး မြှုပ်နှံစေလိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကဆက်ပြောသည်။ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်သွားမှာဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသဟဇာတဖြစ်တဲ့ ဝန်းကျင်တစ်ခုကို တည်

ဆောက်သွားမှာကို ထပ်လောင်းအတည်ပြု ပြောကြားလိုကြောင်း၊ အခွင့်အလမ်း တွေနဲ့ ပြည့်နှက်နေတဲ့နယ်ပယ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ အသစ် တည်ထောင်ထားတဲ့ တက်ကြွတဲ့ စီးပွားရေးဝန်းကျင်တစ်ခုကို လုပ်ငန်းရှင်ကြီးများ မျက်မြင်ကိုယ်တွေ့ မြင်တွေ့ရမှာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

"မိုးရွာတုန်းရေခံ"ဆိုသည့် စကားကို မြန်မာနိုင်ငံတွင် မကြာခဏဆိုသလို ပြောဆိုလေ့ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၇ ဒသမ ၄ ရာခိုင်နှုန်းခန့် တိုးတက်လာနိုင်ကြောင်း၊ အာဆီယံ+၃ မိုက်ခရိုစီးပွားရေး သုတေသနရုံးက ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့်ပေါင်းစပ်ပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲမှုများက အခြေခံအားဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုမြှင့်တင်စေမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

Invest Myanmar Summit 2019 ပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံခြား လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံရှိ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ နိုင်ငံတကာကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင် အသင်းများ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2019968

## ပဲတီစိမ်း၊ နှမ်းနှင့်မြေပဲတို့ အထွက်နည်းခြင်းကြောင့် တရုတ်နှစ်သစ်ကူးကာလဖြစ်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိ

မန္တလေးပဲမျိုးစုံဈေးကွက်တွင် ယခင်နှစ်များက ပဲတီစိမ်း ၊ နှမ်းနှင့်မြေပဲတို့မှာ တရုတ်နှစ်သစ်ကူးကာလသို့ရောက်ရှိပါက ဈေးနှုန်းကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် သီးနှံအထွက်နှုန်းများကျဆင်းနေခြင်းကြောင့် ဈေးကွက်အတွင်း ကုန်စည်အဝင်နည်းကာ ဈေးကျဆင်းခြင်းမရှိကြောင်း မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းမှသိရသည်။

ဈေးကွက်အတွင်း ပစ္စည်းအရည်အသွေးကောင်းမွန်သည့် ပဲတီစိမ်းနည်းပါးခြင်းကြောင့် ပဲတီစိမ်း (ထိပ်စ) မှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ထိရောက်ရှိလာသည်။ ဇန်နဝါရီလ၊ တတိယပတ်တွင် ကုန်စည်ဒိုင်၌ ပစ္စည်းအရေအတွက်နည်းပါးသဖြင့် ဈေးကွက်ပင်မဖွင့်ခဲ့ကြောင်း၊ လက်ရှိအနေအထားအရ ဝယ်လိုအားအနည်းငယ်ကျဆင်းသွားခြင်းကြောင့် အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းကျဆင်းရန်မှာမဖြစ်နိုင်ကြောင်းသိရသည်။ ပဲတီစိမ်းရိုးရိုးမှာမူ ဇန်နဝါရီလ ၁၈ ရက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ် အမြင့်ဆုံးရှိခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်နေ့တွင်လည်း အဆိုပါဈေးနှုန်းအတိုင်း ဆက်လက်တည်ရှိနေကြောင်းသိရသည်။

ပစ္စည်းအရည်အသွေးကောင်းတာက ဈေးကွက်ထဲမှာ တော်တော်နည်းနေတယ်။ တရုတ်ကလည်း အညံ့စနဲ့အလတ်စကို ဝယ်ယူမှုမလုပ်ကြောင်း၊ မနှစ်က ဒီအချိန်မှာ ထိပ်စက ၁၀၀၀၀၀ ကျပ်ဘဲရှိတာ၊ ဒီနှစ်မှာတော့ ၁၃၅၀၀၀ ကျပ်အထိရှိနေတာကို ကြည့်ရင်သိနိုင်တယ်ဟု ရွှေဆင်မင်းပွဲရုံပိုင်ရှင် ဦးမင်းအောင်ကပြောသည်။

ပဲတီစိမ်းနည်းတူ နှမ်းညိုမှလွဲ၍ အခြားသောနှမ်းရောင်စုံမှာ ဈေးနှုန်းမြင့်တက်နေပြီး အဓိကတရုတ်ဝယ်ယူနေသည့် နှမ်းနက်(စမုံ)မှာ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် တစ်အိတ် ၂၃၅၀၀၀ ကျပ်မှ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ၂၄၅၀၀၀ ကျပ်အထိ မြင့်တက်ခဲ့သည်။ နှမ်းဖြူမှာလည်း တစ်အိတ် ၁၆၅၀၀၀ ကျပ်မှ ၁၇၃၀၀၀ ကျပ်အထိ မြင့်တက်လာခဲ့သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အထွက်ပါးခြင်း၊ အရည်အသွေးကောင်းမွန်မှု နည်းပါးသော်လည်း အဝယ်လိုက်နေခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတွင် တရုတ်နှစ်ကူးကာလဖြစ်ခြင်းကြောင့် အရောင်းအဝယ်ခေတ္တတန့်သွားမည်ဖြစ်ကြောင်း ဈေးနှုန်းဆက်လက်မြင့်တက်ရန် မလွယ်ကူသေးကြောင်း ကုန်သည်များက သုံးသပ်သည်။

တရုတ်အဝယ်များသော အနီလုံးဆံနှင့်ဖြူလုံးဆံတို့မှာ တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်မြင့်တက်လျက်ရှိသည်။ အနီလုံးဆံမှာ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ၃၂၀၀ ကျပ်ထိ အမြင့်ဆုံးရှိခဲ့ပြီး ဇန်နဝါရီလ ၂၅ ရက်တွင် ၃၅၀၀ ကျပ်သို့လည်းကောင်း ၊ ဖြူလုံးဆံမှာ ၃၁၀၀ ကျပ်မှ ၃၄၀၀ ကျပ်သို့လည်းကောင်း အသီးသီးဈေးမြင့်တက်လာသည်။ ဝယ်လိုအားကောင်းမွန်သော်လည်း ပစ္စည်းအရေအတွက် အများအပြားမရှိခြင်းကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်သည်။

တရုတ်အဝယ်များသော အနီလုံးဆံနှင့်တို့မှာ တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်မြင့်တက်လျက်ရှိသည်။ အနီလုံးဆံမှာ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ၃၂၀၀ ကျပ်ထိ အမြင့်ဆုံးရှိခဲ့ပြီး ဇန်နဝါရီလ ၂၅ ရက်တွင် ၃၅၀၀ ကျပ်သို့လည်းကောင်း ၊

ဖြူလုံးဆံမှာ ၃၁၀၀ ကျပ်မှ ၃၄၀၀ ကျပ်သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်လာသည်။ ဂယ်လိုအားကောင်းမွန်သော်လည်း ပစ္စည်းအရေအတွက် အများအပြားမရှိခြင်းကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်သည်။

ရန်ကုန်ဂယ်လက်များဂယ်ယူနေခြင်းနှင့် ပစ္စည်းအထွက်ပါးခြင်းကြောင့် ဇန်နဂါရီလ ၁၈ ရက်နေ့တွင် ပဲစင်းငုံသုံးတင်းဂင်တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်မှ ဇန်နဂါရီလ ၂၅ ရက်နေ့တွင် ၈၂၅၀၀ ကျပ်အထိ မြင့်တက်လာသည်။ ဂယ်ယူမှုမှာကျဆင်းခြင်းမရှိသဖြင့် ဈေးနှုန်းကျဆင်းနိုင်ဖွယ်မရှိသော်လည်း သိသာသောမြင့်တက်မှုမျိုး မဖြစ်နိုင်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးဂျာနယ်  အတွဲ (၂၃) အမှတ် (၃၃၈)**

## သုံးခွမြို့နယ်တွင် ပဲတီစိမ်းအသစ် ကျပ် ၄၅၀၀၀ ဈေးပေါက်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိရာ တစ်တင်း (ပိဿာ ၂၀)လျှင် ဇန်နဝါရီ ၂၆ ရက် ပေါက်ဈေးမှာ ကျပ် ၄၅,၀၀၀ ဖြစ် ကြောင်း သုံးခွမြို့ရှိ Bright Llight ပဲရောင်းဝယ်ရေးကုမ္ပဏီမှသိရသည်။



ယမန်နှစ် ပဲစတင်ပေါ်ချိန်က တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြစ်သဖြင့် ကျပ် ၁၂၀၀၀ ကွာခြားမှုရှိသည်။ ဈေးကွက်အတွင်း စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းမှာတည်ငြိမ်မှုမရှိသေးချေ။ လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပြီး အထွက်နှုန်းကောင်း၍ ပေါက်ဈေးပိုမိုမြင့်မားပါက တောင်သူများပို၍ တွက်ခြေကိုက်မည်ဖြစ်သည်။

သုံးခွမြို့နယ်တွင် မိုးစပါးနှင့်သီးထပ်အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်း ရွှေဝါနှင့် ရေဆင်းမျိုးတို့ကို အဓိကစိုက်ပျိုးကြကာ ပဲတီစိမ်းမှာ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင်ဆွတ်ခူးရရှိကြောင်း၊ ပဲတီစိမ်းကို နိုဝင်ဘာလဒုတိယပတ်တွင် စတင်ထွန်ယက်စိုက်ပျိုးကြပြီး တောင်သူတစ်ဦးနှင့် တစ်ဦးစိုက်ပျိုးသည့် အချိန်ကွာခြားမှုကြောင့် ပဲထွက်ချိန် ကွာခြားမှု ရှိနိုင်ပြီး ဖေဖော်ဝါရီလလယ်တွင် လှိုင်လှိုင်ပေါ်မည်ဖြစ်ကြောင်း၊ ပဲတီစိမ်းမှာ တစ်နေရာနှင့်တစ်နေရာ အထွက်နှုန်းကွာခြားမှုရှိနိုင်ပြီး စိုက်ပျိုးသည့်မြေအမျိုးအစား ကောင်းမွန်မှု၊ ရာသီဥတုအခြေအနေ၊ ပြုစုပျိုးထောင်ပုံနည်းစနစ်ကောင်းမွန်မှုတို့ ပေါ်တွင်မူတည်ပြီး တစ်ဧကလျှင် တင်း ၂၀ ကျော် ထွက်ရှိနိုင်ကြောင်းသိရသည်။

**Source:** HTTPS://MYANMAR.MMTIMES.COM/NEWS/119953.HTML

## ယခုနှစ် အခြေခံရည်ညွှန်းစပါးဈေး မတ်လတွင် ပြင်ဆင်သတ်မှတ်မည်



၂၀၁၉ နွေစပါးနှင့် မိုးစပါးအတွက် အခြေခံရည်ညွှန်းစပါးဈေးကို မတ်လအတွင်း ပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။ ပြည်တွင်း၊ ပြည်ပဆန်ဈေးကွက် အခြေအနေများနှင့် ငွေလဲနှုန်း အပြောင်းအလဲကိုသုံးသပ်ပြီး နိုင်ငံတော်အစိုးရနှင့်ညှိနှိုင်း၍ အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်မည်ဟု ၎င်းကပြောသည်။

တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းအထိ စိုက်ပျိုး ထုတ်လုပ်နေသော မြန်မာနိုင်ငံရှိလယ်သမားများအတွက် စပါးဈေးနှုန်း အာမခံချက်ရှိရေးလိုအပ်နေသည်။ ပြီးခဲ့သည့် ၂၀၁၈ မတ်လတွင် စပါးတင်းတစ်ရာလျှင် ကျပ် ငါးသိန်း အခြေခံရည်ညွှန်းစပါးဈေးသတ်မှတ်ခဲ့သည်။

မိုးရာသီတွင် စိုက်ဧက ၁၆ သန်းကျော်၊ နွေရာသီတွင် သုံးသန်းကျော်စပါးစိုက်ပျိုးနေသော နိုင်ငံ၌အခြေခံရည်ညွှန်း စပါးဈေးနှုန်းက လယ်သမားများကို အာမခံချက်ပေးနိုင်သည့် ဈေးနှုန်းဖြစ်သည်။ မြန်မာ့ဆန်လုံးရှည်ကို အီးယူကအခွန်ပြန်ကောက်ယူခြင်းနှင့် တရုတ်အဂယ်နည်းခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် အရှည်အသွေးကောင်းသည့် ဆန်ကြမ်း

(ရှယ်) ဈေးနှုန်းကျဆင်းခဲ့ကြောင်း ဘုရင့်နောင်ဆန်ကုန်သည်အချို့ကပြောသည်။ တရုတ်နှင့် အီးယူနိုင်ငံများသို့ တင်ပို့နေသည့် အရည်အသွေး မြင့် ဆန်ကြမ်းတစ်အိတ် (၂၄ ပြည် အိတ်) ဈေးနှုန်းသည် ရက်ပိုင်းအတွင်း ကျပ် ၂,၀၀၀ ခန့်ဈေး ကျဆင်းလာကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်စားသုံးမှုသည် တစ်နှစ်လျှင် ပျမ်းမျှဆန်တန်ချိန် ရှစ်သန်းကျော်မှ ကိုးသန်း အကြားရှိပြီး ပြည်ပသို့ ရောင်းချနိုင်သည့် ဆန်တန်ချိန်သုံးသန်းမှ လေးသန်းခန့်ရှိနေသည်။ ပြီးခဲ့သည့် ၂၀၁၈ ဧပြီမှ ဒီဇင်ဘာလကုန်အထိ ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ထားသည်။

၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လကုန်အထိ ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းခန့်သာတင်ပို့ နိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မှန်းဆထားသည်။ ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆သန်းကျော်ဖြင့် စံချိန်တင်ပြီးနောက် ပြည်ပ ဆန်တင်ပို့မှုက နောက်တစ်နှစ်တွင် ကြိုတင်ခန့်မှန်းစာရင်းအရ ၃၀ ရာခိုင်နှုန်းကျော် လျော့နည်းခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံဆန်စပါး:အသင်းချုပ်အနေဖြင့် ပြည်ပဆန်တင်ပို့မှု မြင့်တက်လာစေရန် ပြည်ပမှတင်သွင်းနေသော အာဆီယံအဖွဲ့ဝင် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ဆန်ရောင်းချရန် ဆောင်ရွက်နေကြောင်း ဦးရဲမင်းအောင်ကပြောသည်။

**Source:** http://www.7daydaily.com/story/148494

## တစ်နိုင်ငံလုံး စားသုံးဆီသုံးစွဲမှု ၅၀ ရာခိုင်နှုန်းအထိ လုံလောက်အောင် ဆီစက်လုပ်ငန်းရှင်အသင်းကြိုးစားမည်



ကျန်းမာရေးနဲ့ ညီညွတ်တဲ့စားသုံးဆီသုံးစွဲမှုက ၂၀၂၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးရဲ့ ၅၀ ရာခိုင်နှုန်းအထိ လုံလောက်အောင် ထုတ်လုပ်နိုင်ဖို့ ကြိုးစားသွားမယ်လို့ ဆီစက်လုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)ရဲ့ ထောက်ခံချက်ရရှိတဲ့ ဆီစက်ပေါင်း ၁၅၀ အထိရရှိအောင် ကြိုးစားလုပ်ဆောင်သွားမယ်လို့ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးခင်စိုးဆီကသိရပါ တယ်။ အခုအချိန်မှာ FDA လက်မှတ်ရထားတဲ့ဆီစက် ၄၆ စက်နဲ့ FDA ရရှိဖို့ စိစစ်ထားတဲ့ဆီစက် ၃၅ စက်ရှိနေပြီးတော့ ရည်ရွယ်ချက်က ၂၀၂၀ မှာ FDA ရတဲ့ဆီ စက် ၁၅၀ အထိဖြစ်အောင် ကြိုးစားနေတယ်လို့ သူကဆိုပါတယ်။

ဆီစက်ပိုင်ရှင်များအသင်းဟာ အစိုးရရဲ့ ၃၁-၈-၂၀၁၆ မှာ နိုင်ငံတော်အသိအမှတ်ပြုအသင်း ဖွဲ့စည်းခွင့်ရတဲ့အသင်းဖြစ်ခဲ့ပြီးတော့ ဆီစက်တွေကို အဆင့်မြှင့်တင်မှုမှာ အသင်းကြီးမပေါ်ခင်က FDA ရပြီး ဆီစက် ၁၇ စက်ပဲရှိခဲ့ပြီးတော့ အသင်းကြီးပေါ်ပေါက်လာပြီးနောက်ပိုင်းမှာ ၄၆ စက်အထိဖြစ်လာတယ်လို့သိရပါတယ်။ အသင်းရဲ့နှစ်နှစ်တာအတွင်းကြိုးစားမှုကတော့ စက်တွေကို GMP နဲ့ ညီညွတ်တဲ့ FDA အဆင့်မီသော ဆီစက်တွေဖြစ်အောင် ကြိုးပမ်းခြင်းပဲဖြစ်ကြောင်း၊ အဓိကပြောချင်တာက ဈေးကွက်ရရှိဖို့အရေးကြီးပါတယ်၊ ကျွန်တော်တို့ပေါ်မှာလောင်းရိပ်မိနေတဲ့ စားအုန်းဆီတွေရှိသလို ဓာတုဗေဒအနံ့ဆီတွေ ရောနှောထားတဲ့ဆီ အတုတွေကလဲဈေးကွက်ထဲမှာ လွှမ်းမိုးနေတယ်လို့ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးခင်စိုးကပြောပါ တယ်။

စားသုံးဆီအစစ် ထုတ်လုပ်ရောင်းချနိုင်မှုမှာ တစ်နိုင်ငံလုံးရဲ့ ငါးရာခိုင်နှုန်း၊ မြေပဲဆီ၊ နှမ်းဆီကိုစားအုန်းဆီနဲ့ ရောနှောမှု ၁၅ ရာခိုင်နှုန်း၊ စားအုန်းဆီတွေကို ပြန်ကျော်ဆီနဲ့ရောနှောကာ ထင်ယောင်ထင်မှားရောင်းချမှု ၈၀ ရာခိုင်နှုန်းရှိနေတယ်လို့သိရပါတယ်။ ထင်ယောင်ထင်မှား ၈၀ ရာခိုင်နှုန်းဈေးကွက်က ဆီစက်တွေရဲ့ထုတ်လုပ်မှုကိုရပ်ဆိုင်းတဲ့အထိဒုက္ခပေးနေလို့ မရှိသင့်တဲ့ဈေးကွက်ဖြစ်လို့ နိုင်ငံတော်တာဝန်ရှိသူတွေက တားမြစ်ပေးဖို့ ရဲရဲဝံ့ဝံ့တောင်းဆိုပါတယ်၊ နိုင်ငံတော်ကို တင်ပြသွားမယ်လို့ ၎င်းကပြောပါတယ်။

ဆီစက်ပိုင်ရှင်တစ်ဦးကလည်း ဆီစက်တွေကနေ ထွက်လာတဲ့ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်တွေက တိရစ္ဆာန် မွေးမြူရေးမှာ အစာအဖြစ်အသုံးပြုနိုင်တာကြောင့် ဆီစက်တွေလည်ပတ်နိုင်မှု အားကောင်းလာရင် တိရစ္ဆာန်အစာ ဈေးကွက်တည်ငြိမ်မယ်၊ ကျဆင်းလာမယ်ဆိုရင် အသားငါးဈေးတွေလဲ ကျလာမယ်လို့ပြောပါတယ်။ စားသုံးဆီဈေးကွက်ထဲမှာ သဘာဝမြေပဲဆီ တစ်ပိဿာကို ကျပ် ၅၅၀၀ ကနေ ကျပ် ၆၅၀၀ ကြားမှာရှိနေပြီးတော့ သဘာဝနှမ်းဆီတစ်ပိဿာကို ကျပ် ၇၅၀၀ လောက်ဈေးရှိတယ်လို့သိရပါ တယ်။

SOURCE: HTTPS://WWW.KUMUDRANEWS.COM/NEWS

## ရေသန့်လုပ်ငန်း စတင်မယ့်သူတွေအတွက် နည်းပညာအခမဲ့ပံ့ပိုးပေးမည်



ရေသန့်လုပ်ငန်း စတင်လုပ်ကိုင်မယ့်သူတွေအတွက် လိုအပ်တဲ့ ရေသန့်စက်အသုံးပြုမှုဆိုင်ရာနည်းပညာတွေကို အခမဲ့ကူညီဆောင်ရွက်ပေးမယ်လို့သိရပါတယ်။ ကိုယ့်မှာရှိတဲ့ ငွေကြေးလေးနဲ့ ရေသန့်စက်ရုံလုပ်ချင်သူတွေအတွက် အခမဲ့လုပ်ပေးတာပါ၊ ပြီးတော့ အဲဒီအသေးစားလုပ်ငန်းလေးတွေ ရှင်သန်နိုင်အောင် တစ်ဖက်တစ်လမ်းက ကူညီပေးတဲ့သဘောဖြစ်ကြောင်း Big Boss Water Solution ကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာ ဦးရဲထွဋ်ကပြောပါတယ်။

ရေသန့်လုပ်ငန်းစတင်လိုသူတွေအတွက် အသုံးပြုရမယ့် စက်တွေအကြောင်း၊ ငွေအရင်းအနှီးလိုအပ်ချက်၊ ဈေးကွက်ဖြန့်ချိမှုစတဲ့ လိုအပ်ချက်တွေကို အသေးစိတ်အကြံပေး ဆွေးနွေးပေးမှာဖြစ်ပါတယ်။ ရေသန့်စက်ဝယ်ယူလိုသူတွေအတွက် နိုင်ငံခြားကနေ တိုက်ရိုက်မှာယူတင်သွင်းပေးပြီး အရစ်ကျနဲ့ပေးချေနိုင်အောင် အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးတယ်လို့ဆိုပါတယ်။ တရုတ်ပြည်ကနေ စက်ကို တိုက်ရိုက်မှာပေးပြီး အရစ်ကျနဲ့ဝယ်လို့ရအောင်စီစဉ်ပေးကြောင်း၊ အတိုးမဲ့အရစ်ကျ နှစ်လ၊ သုံးလပေးလို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စက်ကစဆင်ပြီးတာနဲ့ လည်ပတ်လို့မရဘူး၊ သူ့နောက်မှာလုပ်ရမယ့် အဆင့်ဆင့်ရှိသေးတယ်၊ ငွေမနိုင်တဲ့သူတွေ ခွဲပေးလို့ရအောင် စီစဉ်ပေးထားကြောင်း ဦးရဲထွဋ်ကပြောပါတယ်။

အရင်းအနှီးအတွက် ငွေကြေးမတတ်နိုင်သူတွေအတွက် အသေးစားနဲ့အလတ်စား ငွေကြေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီးလည်း ငွေချေးယူနိုင်အောင် စီစဉ်ပေးတယ်လို့သိရပါတယ်။ ချေးငွေရယူတာက ဘဏ်တွေလောက် စာရွက်စာတမ်းတွေ ကိစ္စတွေမရှုပ်ဘူး။ ဒါပေမဲ့အတိုးနှုန်းတော့များတယ်။ လိုအပ်တဲ့ကားတွေ၊ မီးစက်တွေ၊ အထွေထွေ ကုန်ကျစရိတ်နဲ့ ပတ်သက်တာတွေအားလုံးကို အရစ်ကျခြောက်လကနေ တစ်နှစ်အထိချေးငွေရယူနိုင်အောင် ကြားခံအာမခံပေးပါတယ်။ လုပ်ငန်းလိုအပ်ချက်တွေအားလုံးကို အခမဲ့ဆွေးနွေးပေးတယ်လို့ဆိုပါတယ်။ တတ်နိုင်တဲ့ ငွေကြေးပမာဏပေါ်မှာ တွက်ချက်ပေးတယ်။ စက်ဝယ်ရင် ဘယ်လောက်ကျမယ်၊ ရေက ကိုယ်ပိုင်ရှိရမယ်ဆိုရင်တောင် စက်ဝယ်တာချည်းပဲ သိန်း ၁၀၀ လောက် ရင်းရတယ်။ ရေဘူးတွေဝယ်ရမယ်။ ကိုယ့်ရဲ့ အိုဗာဟတ်ပေါ်မူတည်ပြီး အလုပ်သမားခတွေ၊ မီတာခတွေ အားလုံးကိုတွက်ချက်ပြီး တစ်နေ့ကို ဘယ်လောက်ရောင်းနိုင်မလဲဆိုတာတွေပါ ဆွေးနွေးပေးပါတယ်။

ဥပမာ ကိုယ့်စက်ရုံက တစ်နေ့ကို ရေဘူး ၃၀၀ ရောင်းရမှ အလုပ်သမားတွေအတွက် လစာကျေမယ်ဆိုရင်ဘူး ၃၀၀၀ လောက် ရင်းထားနိုင်မှသည်လုပ်ငန်းစလို့ရတယ်။ ဘူး ၃၀၀၀ ဆိုရင် သိန်း ၁၀၀ နားကပ်နေပြီ။ အခုကဘူးအပေါင်ယူလို့မရဘူး။ ဘူးပေးရတယ်။ အိမ်တစ်အိမ်ကို ရေတစ်ဘူး ရောင်းဖို့က သုံးဘူးလောက်ချထားပေးရတယ်။ အိပ်နေတဲ့ ဘူးပြဿနာတွေရယ်၊ ရေဘူးတွေဖြန့်ဖို့ ကားတွေ၊ အလုပ်သမားစရိတ်တွေ အားလုံးကို တွက်ချက်ပေးတယ်လို့ ရှင်းပြပါတယ်။ ဒ့ါအပြင် ငွေကြေးကို ဘယ်လို စီမံခန့်ခွဲထားလဲ၊ စက်ရေကို ဘယ်လိုစီမံမလဲ၊ ဈေးကွက်ကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့အချက်တွေနဲ့ကိုက်ညီပြီး ချေးငွေရယူနိုင်အောင် ဆွေးနွေးပေးတယ်လို့ ရှင်းပြပြောဆိုပါတယ်။

SOURCE: HTTPS://WWW.KUMUDRANEWS.COM/NEWS

## မြန်မာ့ဟင်းခတ်အမွှေးအကြိုင် ဈေးကွက်ဖွံ့ဖြိုးရေး UK Aid မှ အမေရိကန်ဒေါ်လာ သုံးသန်းကျော် ရင်းနှီးမြှုပ်နှံမည်

မြန်မာ့ဟင်းခတ်အမွှေးအကြိုင်ဈေးကွက်ဖွံ့ဖြိုးရေးအတွက် UKAid မှအမေရိကန်ဒေါ်လာသုံးသန်းကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။ ယူကေအစိုးရနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ၏ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော DaNa Facility နှင့်အစားအစာထုတ်လုပ် ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Snacks Mandalay တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟင်းခတ်အမွှေးအကြိုင်စားသောက်ကုန်ထုတ်လုပ်ရေးကွင်းဆက်တွင် ပါဝင်နေသည့် စိုက်ပျိုးရေးတောင်သူများ အလုပ်အကိုင်ပိုမိုရရှိရေးအတွက် ဆန်းသစ်တီထွင်မှုရှိသော ကြယ်သုံးပွင့်စီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းခန့်ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်းသိရသည်။

ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)၊ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Dr.Gail Marzetti က တောင်သူတွေရဲ့ ဝင်ငွေတိုးတက်စေရေး၊ မြန်မာနိုင်ငံဟင်းခတ်အမွှေးအကြိုင်ထုတ်လုပ်မှုနဲ့အရည်အသွေးကို ပြုပြင်ပြောင်းလဲရေး၊ အားလုံး

ပါဝင်ပြီး ထိရောက်တဲ့ဈေးကွက်တစ်ခုဖြစ်ထွန်းလာနိုင်တဲ့အလားအလာတွေ ဒီစီမံကိန်းမှာရှိပါတယ်။ ဟင်းခတ်အမွှေးအကြိုင်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်အောင်လုပ်ဆောင်ခြင်း၊ တောင်သူတွေရဲ့ကျွမ်းကျင်မှုကိုမြှင့်တင်ခြင်းအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းက အသေးစားအလတ်စားလုပ်ငန်းတွေနဲ့ အသေးစားထုတ်လုပ်သူတွေ ဝင်ငွေပိုမိုတိုးပွားလာအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်ကပြောသည်။

အဆိုပါစီမံကိန်းသည် မိသားစုဝင်ငွေ မြန်မာကျပ် ၁၇၀၀၀၀ အောက်ရရှိသည့် တောင်သူများကို အဓိကဦးတည်ပြီး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းတွင်ဆင်းရဲနွမ်းပါးသည့်တောင်သူ ၄၀၀၀ ခန့်တန်ဖိုးမြင့်သီးနှံစိုက်ပျိုးထုတ် လုပ်ရေးကွင်းဆက်တွင် ပါဝင်လာမည်ဖြစ်ကာ ၎င်းတို့ဝင်ငွေတိုးပွားစေရေးအတွက် သင်တန်းများပို့ချခြင်း၊ ဟင်းခတ်အမွှေးအကြိုင်ဈေးကွက်တွင် ကုန်သည်များမှရနေ ကျဈေးထက် ၁၆ ရာခိုင်နှုန်းမှ ၂၃ ရာခိုင်နှုန်းပိုမိုမြင့်မားသည့်ပေါက်ဈေးဖြင့် တောင်သူများထံမှတိုက်ရိုက်ဝယ်ယူနိုင်စေရန်အတွက်လည်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဟင်းခတ်အမွှေးအကြိုင် ထုတ် လုပ်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံးမှာပါဝင်နေသူအားလုံးရေရှည်တည်တံ့ဖို့အတွက်ကိုဦးတည်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ စီမံကိန်းမှတစ်ဆင့်တောင်သူတွေ ဝင်ငွေပိုမိုရရှိရေးနဲ့တည်ငြိမ်တဲ့ ဟင်းခတ်အမွှေးအကြိုင်ဈေးကွက်တစ်ခုပေါ်ထွန်းလာပြီး လယ်ယာလုပ်ငန်းမှာအမျိုးသမီးတွေ အလုပ်အကိုင် ပိုမိုရရှိအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ UK Aid ကနေ တစ်ဆင့် DaNa Facility က ရန်ပုံငွေထောက်ပံ့ပေးတဲ့အတွက်မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အခွင့်အလမ်းရရှိတာဖြစ်ကြောင်း Snacks Mandalay ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဒေါက်တာပြည့်ဖြိုးအေးကပြောသည်။ ယင်းစီမံကိန်းတွင် ထိုင်းနိုင်ငံမှနည်းပညာ ကျွမ်းကျင်မှုရယူခြင်းဖြင့်လယ်သမားများအတွက် အထွက်တိုးရေး၊ ပိုးမွှားထိန်းချုပ်ရေး၊ ဓာတ်မြေဩဇာသုံးစွဲရေးအစရှိသည့် စိုက်ပျိုးရေး ဗဟုသုတများကို မျှဝေပေးနိုင်မည်ဖြစ်ပြီး ၎င်းနည်းပညာပံ့ပိုးမှုမှတစ်ဆင့် အရည်အသွေးမြင့်ဟင်းခတ်အမွှေးအကြိုင်များ ထုတ်လုပ်နိုင်ကာ နိုင်ငံတကာနှင့်မြန်မာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/11374-

## ပဲပုပ်တစ်တင်းလျှင် အနိမ့်ဆုံးဈေး ၁၈,၀၀၀ ကျပ်ဖြင့် ပဲပုပ်အများပိုင်ကုမ္ပဏီမှ ဝယ်ယူပေးမည်

ယခုနှစ်တွင် တောင်သူများလိုအပ်ချက်မြင့်မားနေသည့် မျိုးစေ့များရရှိစိုက်ပျိုးနိုင်ရန် ဖြန့်ချီပေးထားသကဲ့သို့ ထွက်ရှိလာသည့် ပဲပုပ်များကိုလည်း ပိဿာ (၂၀) တစ်တင်းလျှင် ကျပ် ၁၈,၀၀၀ ဖြင့် အနိမ်ဆုံးဈေးသတ်မှတ်ကာ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ပဲပုပ်စိုက်တောင်သူအများပိုင်ကုမ္ပဏီမှသိရသည်။ ယင်းကဲ့သို့ဖြန့်ချီပေးရာတွင် မြေနုကျွန်းစိုက် မျက်ဆံနီ ၃ လ သက်တမ်းမျိုးများ လယ်ကျွတ်ဆောင်းစိုက် ရေငတ်ဒဏ်ခံနိုင်သည့် ရေဆင်း ၁၁ အနွယ်မျိုးများကိုမျိုးစေ့ တစ်ပိဿာလျှင် ၃,၀၀၀ ကျပ်နှုန်းဖြင့် မတ်ပဲစိုက်တောင်သူများအား ဖြန့်ချီပေးနေကြောင်း မြန်မာ့ပဲပုပ်စိုက် တောင်သူအများပိုင်ကုမ္ပဏီ၏ဥက္ကဌ ဦးဝင်းဇော်အေးကပြောသည်။

တောင်သူတွေကို နည်းပညာနဲ့ ရိတ်သိမ်းချိန်လွန်နည်းတွေ ဝေမျှပေးနေသလို အများပိုင်လုပ်ငန်းထဲ ရှယ်ယာပါဝင်ချင်ရင်လည်း ဝင်နိုင်အောင်ဆောင်ရွက်ပေးနေကြောင်း ၎င်းကပြောသည်။ လက်ရှိတွင် အများပိုင်ကုမ္ပဏီအနေဖြင့် တောင်သူအစုအဖွဲ့အချင်းချင်း အရည်အသွေးမီ သီးနှံများထုတ်လုပ်နိုင်ရန် GAP နည်းဖြင့် မျိုးစေ့များရရှိစေရန်ဆောင်ရွက်ခြင်း၊ နိုင်ငံအဝန်းတောင်သူများတွေ့ဆုံ၍ ဆွေးနွေးဖလှယ်ခြင်း၊ ပဲပုပ်သီးနှံအား အစုအဖွဲ့စနစ်ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် တိုက်ရိုက်ရောင်းချနိုင်ရန် ကူညီပေးခြင်း၊ ထုတ်ကုန်များအား အစုအဖွဲ့အလိုက် ဘဏ်စနစ်ဖြင့်ရောင်းဝယ်မှု ပြုလုပ်တတ်စေရန် ကူညီပေးခြင်း၊ တစ်နိုင်တစ်ပိုင် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် ကူညီပေးခြင်းစသည်တို့ကိုရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပဲပုပ်ကို ကုန်းမြင့်ပိုင်းတောင်ပေါ်ဒေသများတွင် မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ မြေပြန့်ဒေသများတွင် ဩဂုတ်လနှင့် စက်တင်ဘာလ များတွင်လည်းကောင်း၊ မြေနုကျွန်းဒေသများ တွင် စက်တင်ဘာလနှင့် အောက်တိုဘာများတွင်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲပုပ်အား ရှမ်းပြည်နယ်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိကစိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးတွင် ပဲပုပ်စိုက် ဧ ကပေါင်း ၃၆၇,၀၀၀ ခန့် တစ်ဧကလျှင် ၁၉ တင်းခန့် အထွက်နှုန်းရှိပြီး ထုတ်လုပ်မှုမှာ တစ်နှစ်လျှင် မက်ထရစ် တန်ချိန် ၁၅၄,၀၀၀ တန်ခန့်ရှိကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော ပဲပုပ်မျိုးများမှာ ရေဆင်း (၅)၊ ရေဆင်း (၆)နှင့် ရေဆင်း (၁၁) မျိုး တို့ကို ဒေသအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိပြီး မျိုးလိုအပ်ချက်မှာ တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်မှ ၁၆ ပြည်အထိရှိကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5791

## ဆောင်းသီးနှံ စပ်မျိုးနေကြာစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနေကြ



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်းကာလကြားသီးနှံအဖြစ် စပ်မျိုး(၁)နေကြာစိုက်တောင်သူများအနေဖြင့် နေကြာသီးနှံထွက်ရှိချိန်တွင် အထွက်နှုန်းကောင်းပြီးဈေးကောင်းရ၍ အဆင်ပြေနေကြောင်းသိရသည်။

နှမ်းတွေရိတ်သိမ်းပြီးတဲ့ယာမြေမှာ ကြားသီးနှံ စပ်မျိုး(၁) နေကြာမျိုးစိုက်ခဲ့တယ်။ အခုနှစ် မိုးနှောင်းကောင်းခဲ့တာကြောင့် ဆောင်းမှာစိုက်တဲ့ နေကြာတွေ အထွက်နှုန်းကောင်းခဲ့ပါတယ်။ စပ်မျိုး(၁) နေကြာမျိုးက အခုလိုရာသီမှာ အပင်ကြီးထွားမှုနှုန်းကောင်းမွန်ပြီး စိုက်ပျိုးရက်သုံးလ (ရက်ပေါင်း ၉၀) အတွင်း ရိတ်သိမ်းနိုင်တယ်။ အခုနှစ် နေကြာအထွက်နှုန်းဟာ တစ်ဧကကို ၃၅ တင်းကနေ တင်း ၄၀ အထိထွက်ရှိခဲ့ကြောင်း မင်းဘူး (စကု) မြို့နယ် မောင်းမကန်ကျေးရွာနေ တောင်သူကိုသာအိက ပြောဆိုသည်။ စပ်မျိုး(၁) နေကြာမျိုးက အထွက်နှုန်းကောင်းတဲ့အတွက် သုံးဧကစိုက်ခဲ့တာ နေကြာ တင်း ၁၀၀ ကျော်လောက်အထိရရှိခဲ့ကြောင်း၊ နေကြာတစ်တင်းကို ဆီကြိတ်မယ်ဆို ဆီ ငါးပိဿာလောက်ထွက်ရှိကြောင်း၊ နေကြာဆီတစ်ပိဿာကို ကျပ် ၄၅၀၀ ဈေးရှိတဲ့အတွက် ရွာမှာပဲဆီကြိတ်ပြီးရောင်းချနေကြောင်း ၎င်းကထပ်မံရှင်းပြသည်။ မြန်မာပြည်အလယ်ပိုင်းဒေသများတွင် နေကြာကို ဆောင်းကာလကြားသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးသောသီးနှံဖြစ်ကာ နေကြာဆီမှာ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။ ယခုနှစ် နေကြာအထွက်နှုန်းကောင်းသလို နေကြာတစ်တင်းကို ကျပ် ၁၃၀၀၀ ဝန်းကျင်ဈေးရှိတယ်။ ပြည်တွင်းမှာရှိတဲ့ ဆီစက်တွေက ပဲဆီ၊ နှမ်းဆီအစားနေကြာဆီကို အဓိကထားပြီး ဝယ်ကြိတ်နေကြပြီး၊ အခုလိုနေကြာပေါ်ချိန်ဆို ဆီစက်တွေက အဝယ်များကြောင်း မင်းဘူးမြို့ရှိ သီးနှံပွဲရုံပိုင်ရှင်တစ်ဦးကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/119955.html

## STOCK EXCHANGE (28.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Jan. 2019

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 611 | 5,499,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 3,178 | 9,079,150 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 10 | 220,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.48 | +1.43 | +0.38% | 380.05 | 381.48 | 380.05 | 3,800 | 14,800,900 | 5 | 520,807 |


**Index chart**




# Market Overview

As of 1:00 pm, 28th Jan. 2019

| MYANPIX | 381.48 ▲ 1.43 |
|---|---|
| Total Volume (shares) | 3,800 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 520,807 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |